UNHCR
The UN Refugee Agency

# THAILAND

1 – 17 July 2018

## MEDIA MONITORING REPORT # 186

## ငြိမ်းချမ်းရေးနှင့်ပြန်လည်ရင်ကြားစေ့ရေး

### အားပြိုင်မှုများနှင့် တတိယ ၂၁ ရာစု ပင်လုံညီလာခံအဖွင့်

Myanmar Times, 12 July 2018

၂၁ ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေးသို့ အစိုးရနှင့် တပ်မတော်တို့က ထိပ်ပိုင်းခေါင်းဆောင်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် ( အင်န်စီအေ) လက်မှတ်ထိုးထားသည့် တိုင်းရင်းသားခေါင်းဆောင်များ၊ အင်န်စီအေလက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် ' ၀' အဖွဲ့ ဦးဆောင်သည့် မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြင့် စုံစုံလင်လင်တက်ရောက်ခဲ့ကြသည်။



" အင်န်စီအေဟာ အင်အားစုအားလုံးကို ဆုံစည်းနိုင်အောင် ဆောင်ကြဉ်းပေးခဲ့တဲ့ ဆုံမှတ်တစ်ခုဖြစ်သလို ကျွန်မတို့အားလုံး ပန်းတိုင်ကို ဆက်ပြီး လျှောက်လှမ်းနိုင်အောင် အစပြုပေးတဲ့ စမှတ်တိုင်တစ်ခုလည်း ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် အဖွဲ့အစည်းများ အင်န်စီအေထီးရိပ်အောက်တွင် ပါဝင်လာရန် အစိုးရက ငြိမ်းချမ်းရေးတံခါးအစဉ်အမြဲဖွင့်လှစ်ထားကာ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေသည်ဟုလည်း ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကမူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မလိုလားအပ်သည့် အကြောင်းအရာများကို ထည့်သွင်းဆွေးနွေးပြီး အချိန်ဆွဲနေသည်ဟု ထောက်ပြပြောဆိုခဲ့သည်။

အစိုးရနှင့် အင်န်စီအေ လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် ၂၀၁၇ ခုနှစ်က ကျင်းပသည့် ၂၁ ရာစု ပင်လုံ အစည်းအဝေးတွင် ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း ၁ ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ယင်းသဘောတူညီချက်တွင် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ပြည်နယ်များ၏ အခြေခံဥပဒေ ရေးဆွဲခွင့် အပါအဝင် အခြေခံရမည့် မူသဘောတူညီချက် ၃၇ ချက် ပါဝင်ခဲ့သည်။ သို့သော် ယင်းသဘောတူညီချက်က မူအားဖြင့်သာ ရှိနေခဲ့ပြီး တတိယအကြိမ် ညီလာခံတွင် ဆက်လက်ဆွေးနွေးရန် ခက်ခဲနေဆဲဖြစ်သည်။ ယခုလ ၁၆ ရက်အထိ ကျင်းပမည့် တတိယအကြိမ်ညီလာခံတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးက သဘောတူညီထားသည့် အချက် ၁၂ ချက်ကိုသာ ဆွေးနွေးကြမည်ဖြစ်သည်။

Link: https://www.mmtimes.com/news/panglong-opens-leaders-call-peace-process-move-forward.html

### ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် အချိန်မဆွဲရန် တပ်ချုပ်ပြောကြားမှု တိုင်းရင်းသားအဖွဲ့ များ ဝေဖန်

Frontier Myanmar, 12 July 2018

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မလိုလားအပ်သည့် အကြောင်းအရာများကို ထည့်သွင်း ဆွေးနွေးပြီး အချိန်ဆွဲနေသည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်



လှိုင်က ပင်လုံညီလာခံအစည်းအဝေး အဖွင့်မိန့်ခွန်းမှာ ထည့်သွင်းပြောကြားသွားမှုက မြေပြင်အနေအထားနှင့် ကိုက်ညီခြင်းမရှိဟု တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ဝေဖန်ပြောကြားလိုက်သည်။

နေပြည်တော်တွင် ယနေ့ပြုလုပ်သည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ၊ တတိယအကြိမ် ပင်လုံညီလာခံ ဖွင့်ပွဲမှာ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အချိန်ဆွဲဆောင်ရွက်ခြင်းသည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် မြန်မာနိုင်ငံကို ပိုမိုနိမ့်ကျအောင် ဆွဲနစ်နေမှုဖြစ်သည်ဟု ပြောကြားခဲ့သည်။

သို့သော် ကချင်လွတ်လပ်ရေးကောင်စီ၏ ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်ဂွမ်မော်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် အချိန်မဆွဲရန် ပြောကြားရာတွင် အချိန်ကြာရသည့် အကြောင်းအရင်းကို ဦးစွာသိရှိရန် အရေးကြီးကြောင်းနှင့် မည်သူက အချိန်ဆွဲနေသည်ကိုလည်း သိရှိရန်လိုအပ်ကြောင်း Frontier ကို ပြောကြားသည်။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် ပအိုဝ်အမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် နာယက ခွန်ဥက္ကာကလည်း ဆွေးနွေးပွဲများတွင် ရလဒ်ကောင်း ထွက်စေချင်သူများသည် ရလဒ်ကောင်း မထွက်နိုင်မချင်း ရှေ့မဆက်လိုသည့်အတွက်သာ ဖြစ်ခြင်းကြောင့် အချိန်ဆွဲသည်ဟု ပြော၍မရကြောင်း တုံ့ပြန်ပြောဆိုသည်။

အစိုးရအနေဖြင့် ငြိမ်းချမ်းရေးညီလာခံအစည်းအဝေးများကို ယခုနှစ်အတွင်းမှာပင် တစ်ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် နှစ်ကြိမ်နှင့် ၂၀၂၀ ပြည့်နှစ်တွင် သုံးကြိမ် ကျင်းပရန် ရည်မှန်းထားသည်။ ပြုလုပ်လျက်ရှိသည့် ညီလာခံကိုလည်း ငါးရက်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၂)အား လက်မှတ်ရေးထိုး သဘောတူနိုင်ရန် မျှော်မှန်းထားသည်။

Link: https://frontiermyanmar.net/en/ethnic-groups-challenge-tatmadaw-chiefs-panglong-opening-speech

## မွန် ၂ ပါတီနှင့် သဘောတူညီမှုရရှိပါက မွန်အမျိုးသားကိုယ်စားပြုပါတီ မှတ်ပုံတင်မည်မဟုတ်

Myanmar Times, 3 July 2018



မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ AMDP နှင့် မွန်အမျိုးသားပါတီ MNP ပေါင်းစည်းရေးကော်မတီက မွန်အမျိုးသားကိုယ်စားပြုပါတီ ဖော်ဆောင်ရေးကော်မတီ ၂၁ ဦးအဖွဲ့ကို တွေ့ဆုံဆွေးနွေး၍ သဘောတူညီမှုရရှိပါက မွန်အမျိုးသားကိုယ်စားပြုပါတီ မှတ်ပုံတင်မည်မဟုတ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာအောင်နိုင်ဦးက ပြောသည်။

နှစ်ပါတီပေါင်းစည်းမှု အကောင်အထည်ဖော်ရေးကော်မတီနှင့် မွန်အမျိုးသားကိုယ်စားပြုပါတီ ဖော်ဆောင်ရေးကော်မတီ ၂၁ ဦးအဖွဲ့တို့ လာမည့် ဇူလိုင်လ ၆ ရက်နေ့တွင် Royal Hinthar Hotel ၌ တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းထားပြီး ဖြစ်သည်။

ဇွန်လ ၃ ရက်နေ့တွင် ဒေါက်တာအောင်နိုင်ဦး၏ Online သတင်းစာရှင်းလင်းပွဲ၌ "အမှန်တော့ ဒီလာမယ့် ၉ ရက်နေ့မှာ မှတ်ပုံတင်ဖို့ ဆုံးဖြတ်ထားတယ်။ တစ်ပါတီတည်းဖြစ်ရေးကို အဓိက ဦးစားပေးဆောင်ရွက်နေတယ်ဆိုတော့ ဒီ ၆ ရက်နေ့မှာ အချင်းချင်းဆွေးနွေးမှု အဆင်ပြေခဲ့ရင် ဒီကြားထဲမှာ အဆင်ပြေသွားရင် အခြားကိစ္စတွေ စဉ်းစားစရာမလိုတော့ဘူး။ ဒါပေမယ့် ဘာဖြစ်ဖြစ် ဒီကြားထဲမှာ တစ်ပါတီဖြစ်ရေးက ပိုပြီးအရေးကြီးတယ်"ဟု ပြောသည်။ ရွေးကောက်ပွဲကော်မရှင်၏ နည်းဥပဒေနှင့်အညီ မွန် ၂ ပါတီ၏အမည်တို့ကို အသစ်ပြောင်းလဲ၍ ပါတီသစ်တစ်ခု ပူးပေါင်းဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါတီသစ်အမည်ကို အကြံပြုနိုင်ကြောင်း နှစ်ပါတီခေါင်းဆောင်များက ပြောသည်။

Link: https://www.mmtimes.com/news/two-ethnic-mon-parties-merge-2020-election.html

## ဖာပွန်ခရိုင်တွင် လမ်းပြန်ဖောက်ရန် တပ်မတော်နှင့်KNU ဆွေးနွေးသွားမည်

Mizzima, 7 July 2018

ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်တွင် တပ်မတော်မှဖောက်လုပ်မှု ယာယီရပ်ဆိုင်းထားသောလမ်းကို လာမည့်ပွင့်လင်းရာသီတွင် ပြန်လည် ဖောက်လုပ်နိုင်ရန် ကရင်အမျိုးသားအစည်းအရုံး KNU နှင့်ဆွေးနွေးသွားမည်ဖြစ်ကြောင်း JMC-U မှတပ်မတော် ကိုယ်စားလှယ်ဖြစ်သည့် ဗိုလ်မှူးကြီးဂဏ္ဍာအောင် ကပြောဆိုလိုက်သည်။



ရန်ကုန်မြို့၊ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ၁၇ ကြိမ်မြောက် ပြုလုပ်နေသည့် ပြည်ထောင်စုအဆင့်ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲ စောင့်ကြည့်ရေးကော်မတီ JMC-U ၏ ပုံမှန်အစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုခဲ့ခြင်းဖြစ်သည်။

"လမ်းဖောက်လုပ်မှုကိုတော့ ယာယီရပ်ဆိုင်းထားတာပေါ့နော်။ မိုးတွင်းကာလလည်းဖြစ်တော့ လမ်းဖောက်လုပ်မှုကိုတော့ ယာယီရပ်ဆိုင်းထားပါတယ်။ ပွင့်လင်းရာသီမှာတော့ လမ်းလေးကို ပြန်ပြီးဖောက်လုပ်နိုင်ရေးအတွက်တော့ ဆွေးနွေးဆောင်ရွက် သွားကြမှာဖြစ်ပါတယ် " ဟု ဗိုလ်မှူးကြီး ဂဏ္ဍာအောင်ကဆိုသည်။

ကရင်ပြည်နယ် ဖာပွန်ခရိုင် လူသောမြို့နယ် ခေးပူနှင့် လယ်မူပလောရွာအကြား၌ ကားလမ်း ဖောက်လုပ်ရန်ဆိုသည့် အကြောင်းပြချက်ဖြင့် ၂၀၁၈ ခုနှစ် မတ်လ ၄ ရက်နေ့မှ စပြီး တပ်မတော်မှ ဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။

ယင်းသို့ တပ်မတော်ဘက်မှ KNU ထိန်းချုပ်နယ်မြေအတွင်းသို့ ဝင်ရောက်လာမှုကြောင့် နှစ်ဖက် တပ်ဖွဲ့များအကြား တင်းမာမှုတချို့ ဖြစ်ပွားခဲ့ပြီး ရွာပေါင်း ၁၄ ရွာ ၊ လူဦးရေ ၂၀၀၀ နီးပါးခန့် စစ်ရှောင် ခဲ့ရသည်။

သို့သော် လမ်းဖောက်လုပ်မှုမှာ တပ်မတော်၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာကိစ္စများဆောင်ရွက်နိုင်ရေးအပြင် ဒေသဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ဖောက်လုပ်ရခြင်း ဖြစ်သည်ဟု ဗိုလ်မှူးကြီးဂဏ္ဍာအောင်ကဆိုသည်။

ကရင်အမျိုးသားအစည်းအရုံး KNU ဥက္ကဋ္ဌစောမူတူးစေးဖိုးဦးဆောင်သည့် ထိပ်ပိုင်းခေါင်းဆောင်များနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ ၂၀၁၈ ခုနှစ် မေလ ၁၇ ရက်က နေပြည်တော်တွင် တွေ့ဆုံဆွေးနွေးအပြီး သဘောတူညီချက်အရ လမ်းဖောက်လုပ်မှုကိုယာယီရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

Link: [http://www.mizzima.com/news-domestic/knu-and-tatmadaw-will-again-discuss-building-road-hpapun-district](http://www.mizzima.com/news-domestic/knu-and-tatmadaw-will-again-discuss-building-road-hpapun-district)

## မွန်အမျိုးသားကိုယ်စားပြုပါတီ တရားဝင် မှတ်ပုံတင်ရန် ဆိုင်းငံ့

Burma News International, 11 July 2018



မွန်အမျိုးသား ကိုယ်စားပြုပါတီအဖြစ် ရွေးကောက်ပွဲ ကော်မရှင်တွင် တရားဝင်မှတ်ပုံတင်ထားသော အခြေအနေကို လက်ရှိတွင် ယာယီ ဆိုင်းငံ့ထားကြောင်း ယင်းပါတီ တည်ထောင်လိုသူ ၂၁ ဦးအဖွဲ့ ခေါင်းဆောင် နိုင်တလညီက ဟသ်ာမီဒီယာသို့ အတည်ပြု ပြောဆိုသည်။

ယင်းပါတီသည် ဇူလိုင်ဒုတိယအပတ်တွင် ကော်မရှင်သို့ မှတ်ပုံတင်ရန် စီစဉ်ထားခဲ့ပြီး၊ မွန်နိုင်ငံရေးပါတီ အားလုံးပေါင်းစည်းရေး အတွက် ဆောင်ရွက်နေချိန်ဖြစ်၍ မှတ်ပုံတင်ရန် ဆိုင်းငံ့ခဲ့ခြင်း ဖြစ်သည်။

"ပါတီမှတ်ပုံတင်တဲ့ကိစ္စ ဆိုင်းငံ့ထားတဲ့ အနေထားမှာ ရှိနေတယ်၊ ဘယ်တော့လောက်တင်မှာလဲ ဆိုတာ မသတ်မှတ်ရသေးဘူး"ဟု နိုင်တလညီက ပြောသည်။

ပါတီသည် ပေါင်းစည်းရန်ရှိနေသော မွန်နိုင်ငံရေးပါတီများဖြစ်သော မွန်အမျိုးသားပါတီနှင့် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီတို့၏ ပေါင်းစည်းရေးကိုယ်စားအဖွဲ့နှင့် ဇူလိုင် ၆ ရက်တွင် မော်လမြိုင်မြို့ ရှိ Royal Hinthar Hotel တွင် တွေ့ဆုံပြီး နောက်ထိုကဲ့သို့ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

ထိုကြောင့် ဟင်္သာမီဒီယာက မွန်နိုင်ငံရေးပါတီအားလုံး တစ်စုစည်းတည်းဖြစ်ရန်နှင့် မွန်ပြည်နယ်အတွက် သတင်းကောင်းတစ်ခု မည် သည့်အချိန်၌ ကြားရမည်ဟူသော မေးခွန်းကို နိုင်တလညီက ဆွေးနွေးနေဆဲဖြစ်၍ အတိအကျပြောဆိုရန် မဖြစ်နိုင်ကြောင်း ပြောဆို သည်။

မွန်အမျိုးသား ကိုယ်စားပြုပါတီသည် နှစ်ကြိမ်တိုင်တိုင်ကျင်းပခဲ့သော မွန်နိုင်ငံရေးညီလာခံမှ ပေါ်ထွက်လာသည့်ပါတီတစ်ခုဖြစ်ရန် ရှိနေသော်လည်း နိုင်ငံရေးပါတီ အားလုံးပေါင်းစည်းမှုကို လက်ကိုင်ထား၍ ကြိုးပမ်းလျက်ရှိသည်။

Link: https://www.bnionline.net/en/news/mon-national-representative-party-postpones-official-registration

## <u>နှစ်ဖက်တွေ့ဆုံမှုများ ပြန်ရမည်ဟု ကချင်ခေါင်းဆောင် မျှော်လင့်</u>

Burma News International, 11 July 2018

ပြတ်တောက်နေသည့် နှစ်ဖက်တွေ့ဆုံမှုများကို ပြန်လည်ရရှိနိုင်ရန် ၂၁ ရာစုပင်လုံညီလာခံ တတိယအကြိမ် အစည်းအဝေးကို တက် ရောက်လာရခြင်းဖြစ်သည် ဟု ဗိုလ်ချုပ်ဂွမ်မော်က ပြောသည်။



ဇူလိုင်လ ၁၀ ရက်နေ့တွင် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီ လာခံ ၂၁ ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေး တက် ရောက်ရန် နေပြည်တော်သို့ ရောက်ရှိလာချိန် သတင်း ထောက်များ မေးမြန်းရာတွင် ကချင်လွတ်မြောက်ရေး ကောင်စီ (ကေအိုင်စီ) ဒု-ဥက္ကဋ္ဌ □၁□ ဗိုလ်ချုပ်ဂွန်မော် က ယခုကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

"ဘယ်လိုမျှော်လင့်ထားလဲဆိုတော့ ဒီပွဲမှာကတော့ ကျွန် တော်တို့ဆွေးနွေးမှု အဓိက မဟုတ်ပဲနဲ့ အဆက်ပြတ်နေတဲ့ ကျွန်တော်တို့ရဲ့ ဆက်သွယ်ရေးတွေ ဘယ်လိုလုပ်မလဲဆို တဲ့ အပိုင်းက ပိုအဓိကကျမယ်လို့ ထင်ပါတယ်"

၂၁ ရာစုပင်လုံညီလာခံ တတိယအကြိမ် အစည်းအဝေးသို့ ကချင်လွတ်လပ်ရေးအဖွဲ့ KIO မှ ဗိုလ်ချုပ်ဂွမ်မော် ဦးဆောင်ပြီး တက် ရောက်လာခြင်း ဖြစ်သည်။

အလားတူ မြောက်ပိုင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အသီးသီးက ခေါင်းဆောင်များလည်း နေပြည်တော်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Sun Guosiang (ဆွန်ကောချန်း)၊ တရုတ်နိုင်ငံမှ ထိပ် တန်းအရာရှိများနှင့်အတူ မြောက်ပိုင်းမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ □၇□ဖွဲ့ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စု နိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီ FPNCC မှ ကိုယ်စားလှယ်များမှာ တရုတ်နိုင်ငံ ကူမင်းမှ နေပြည်တော်သို့ တရုတ်ပြည်သူ့ သမ္မတ နိုင်ငံ၏ အကူအညီဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။

၂၁ ရာစုပင်လုံညီလာခံ တတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်ရန် မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်တော်လှန် ရေးအဖွဲ့များအား အစိုးရက တရုတ်သံရုံးမှ တစ်ဆင့် ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေးအား ဇူလိုင် ၁၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ ( ၆) ရက်ကြာ ကျင်းပမည်ဖြစ်သည်။

Link: https://www.bnionline.net/en/news/kachin-leader-hopes-reopen-dialogue

**စစ်ရေးအရ ဖိအားပေးခြင်းဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို မတည်ဆောက်ဘဲ တန်းတူအခွင့်အရေးဖြင့်သာ တည်ဆောက်နိုင်မည်ဟု KNU ပြော**

Burma News International, 12 July 2018

ပြည်ထောင်စုအတွင်း တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို စစ်ရေးအရ ဖိအားပေးခြင်း၊ အတင်းအကျပ် တည်ဆောက်၍ ရမည်မဟုတ်ဘဲ တိုင်းရင်းသားလူမျိုးများအကြား လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု အခြေခံများဖြင့်သာ တည်ဆောက်နိုင်မည်ဟု နေပြည်တော် MCC-2 ခန်းမ၌ ယနေ့ ပြုလုပ်သည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ- ၂၁ ရာစုပင်လုံဖွင့်ပွဲအခမ်းအနား မိန့်ခွန်းတွင် ကရင်အမျိုးသား အစည်းအရုံး- (KNU) ဥက္ကဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးက ပြောဆိုလိုက်သည်။



၎င်းက " တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို စစ်ရေးအရ ဖိအားပေးခြင်း အတင်းအကျပ်တည်ဆောက်လို့ မရပါ။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တိုင်းရင်းသားလူမျိုးများအကြား လွတ်လပ်မှု၊ တန်းတူညီမှု၊ တရားမျှတမှု အခြေခံတရားများဖြင့် တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ယုံကြည်မှု နားလည်မှု စာနာမှုများဖြင့် တည်ဆောက်ရမှာဖြစ်ပါတယ်" ဟု တနိုင်ငံလုံးအပစ်ရပ်စာချုပ် (NCA) လက်မှတ်ထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကိုယ်စား မိန့်ခွန်းပြောကြားရာ၌ အထက်ပါအတိုင်း ပြောဆိုခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်သည် ချောတိုင်တက်သကဲ့သို့ ဖြစ်နေပြီး လက်ရှိရောက်နေသည့် အဆင့်ထက် လျော့ကျမသွားအောင် ဝိုင်းဝန်း ထိမ်းသိမ်းကြရန် ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးက တိုက်တွန်းပြောဆိုခဲ့သည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အစိုးရလက်ထက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ □၂၁ ရာစု ပင်လုံ) အခမ်းအနားကို ၂၀၁၆ ခုနှစ် သြဂုတ် ၃၁မှ စက်တင်ဘာ ၂ ရက်နေ့ထိ ပထမအကြိမ်ကျင်းပခဲ့ပြီး ဒုတိယအကြိမ် ညီလာခံကို ၂၀၁၇ ခုနှစ် မေ ၂၄ မှ ၂၈ ရက်နေ့ထိ ကျင်းပခဲ့သလို ယခု တတိယအကြိမ် ညီလာခံကို ၂၀၁၈ ခုနှစ် ဇူလိုင် ၁၁ မှ ၁၆ ရက်နေ့ထိ ကျင်းပသွားမည်ဖြစ်သည်။

ထို့အပြင် ယခု ၂၀၁၈ ခုနှစ်အတွင်း တစ်ကြိမ် ထပ်မံကျင်းပမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်အတွင်း ညီလာခံနှစ်ကြိမ် စုစုပေါင်း ၂၀၂၀ ပြည့်နှစ် မတိုင်မီ ၃ ကြိမ် ထပ်မံကျင်းပရန် လျာထားသည်ဟု နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

Link: https://www.bnionline.net/en/news/national-solidarity-should-be-built-through-equality-not-military-pressure-knu-says

**ဒေါ်အောင်ဆန်းစုကြည်၊ တပ်ချုပ်နှင့် မြောက်ပိုင်း ခုနစ်ဖွဲ့တို့ သီးခြားစီ တွေ့ဆုံနိုင်ရန် စီစဉ်**

Radio Free Asia, 12 July 2018



နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြောက်ပိုင်းလက်နက်ကိုင် ခုနစ်ဖွဲ့တို့အကြား သီးခြားစီ တွေ့ဆုံဆွေးနွေးနိုင်ရန် စီစဉ်နေသည်။

"ကျွန်တော်တို့ဘက်မှာတော့ စီစဉ်နေတယ်။ အဓိကကတော့ မြောက်ပိုင်းက ခုနစ်ဖွဲ့လုံး တက်မယ်။ KNPP တက်မယ်။ KNPP

မှာ ဆရာချူဦးရယ်တို့ ဦးဆောင်တဲ့ နာမည်စာရင်းတွေ ကျွန်တော်တို့ ရတယ်။ မြောက်ပိုင်းအဖွဲ့ ခုနစ်ဖွဲ့မှာဆိုရင် UWSA '၀' ပေါ့နော်။ '၀' မှာတော့ ဒုဥက္ကဋ္ဌ နစ်ယောက် ဦးဆောင်လာမယ်။ နောက် SSPP/SSA က ဗိုလ်ချုပ်ဆေးထင် ဦးဆောင်ပြီး လာမယ်။ သို့သော် ကျန်တဲ့အဖွဲ့တွေမှာ တချို့အဖွဲ့တွေပေါ့နော်။ တချို့အဖွဲ့တွေဆိုရင် မိုင်းလားဆိုလည်း ဒုဥက္ကဋ္ဌ ဦးဆောင်ပြီးလာမယ်။ ကျန်တဲ့ တချို့အဖွဲ့တွေကျတော့ အရင်လာခဲ့တဲ့ လူတွေ တချို့ ပါတယ်။ အဲ့အပေါ်မှာတော့ ကျွန်တော်တို့က ပြန်ညှိနေတယ်" ဟု နိုင်ငံတော် သမ္မတရုံး၊ ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက ဇူလိုင် ၉ရက်၊ ညပိုင်းတွင် သတင်းထောက်များကို ပြောသည်။

ဇူလိုင် ၁၁ရက်တွင် စတင်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံ တတိယ အစည်းအဝေးသို့ တက်ရောက် ရန် မြောက်ပိုင်းလက်နက်ကိုင်ခုနစ်ဖွဲ့မှ ကိုယ်စားလှယ်များမှာ နေပြည်တော်သို့ ယနေ့ (ဇူလိုင် ၁၀ ရက်နေ့) တွင် ရောက်ရှိလာမည် ဖြစ်သည်။

နစ်ဖက် တွေ့ဆုံ၊ ဆွေးနွေးရန်မှာ မြောက်ပိုင်းလက်နက်ကိုင်အဖွဲ့များမှ တက်ရောက်လာမည့် ခေါင်းဆောင်များအပေါ် မူတည်နေပြီး ဆွေးနွေးနိုင်ရန်လည်း တိုက်ရိုက်ဆက်သွယ်ထားပြီးဖြစ်သလို ကြားထဲမှ အကျိုးဆောင်များနှင့် တရုတ်သံရုံးကိုပါ တဆင့် ဆက် သွယ်ထားကြောင်း ဦးဇော်ဌေး၏ ပြောဆိုချက်အရ သိရသည်။

"ဒီမြောက်ပိုင်းအဖွဲ့တွေက ၄ဖွဲ့၊ ၃ဖွဲ့ မတူဘူး။ မတူတဲ့အပေါ်မှာ လာမယ့် တတိယအစည်းအဝေးပြီးရင် အစိုးရနဲ့က တောက်လျှောက် ထိတွေ့နေတယ်။ ညှိနှိုင်းနေတယ်။ ပိုပြီး နီးစပ်လာအောင် လုပ်သွားမယ့် အစီအစဉ်တွေလည်း ရှိတယ်။ အဲ့ဒါတွေကို သူတို့နဲ့လည်း အကြေအလယ် ဆွေးနွေးချင်တယ်။ ဆွေးနွေးချင်လို့ တစ်ကယ်အဆုံးအဖြတ်ပေးနိုင်မယ့် ပုဂ္ဂိုလ်တွေကို ကျွန်တော်တို့က လာခဲ့ပါ၊ တက်ပေးပါ ကျွန်တော်တို့ တောင်းဆိုထားတယ်" ဟု ၎င်းက ဆိုသည်။

Link: [https://www.rfa.org/english/news/myanmar/aung-san-suu-kyi-military-chief-discuss-peace-process-with-ethnic-armies-07122018160118.html](https://www.rfa.org/english/news/myanmar/aung-san-suu-kyi-military-chief-discuss-peace-process-with-ethnic-armies-07122018160118.html)

## ကေအဲန်ပီပီ NCA ရေးထိုးနိုင်ရေး လာမည့်ဩဂုတ်လအတွင်း အစိုးရနှင့် ထပ်မံညှိနှိုင်းမည်

Myanmar Times, 16 July 2018

ကေအဲန်ပီပီမှ NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် လာမည့် ဩဂုတ်လတွင် အစိုးရနှင့် ဆွေးနွေးညှိနှိုင်းသွားမည်ဟု KNPP၏ အ ထွေထွေအတွင်းရေးမှူး ရွှေမျိုးသန့်က ပြောသည်။



ပြီးခဲ့သည့် ဇူလိုင်လ ၁၂ ရက်နေ့က နေပြည်တော်တွင် ကေ အဲန်ပီပီမှ NCA လက်မှတ်ရေးထိုးရန် ငြိမ်းချမ်းရေးကော် မရှင်နှင့် တွေ့ဆုံညှိနှိုင်းခဲ့သော်လည်း သဘောထားဆန္ဒများ ကွဲလွဲနေသေးတာကြောင့် NCA လက်မှတ်ရေးထိုးရေး နောက်ဆုတ်ထားသည်။

"NCA လမ်းကြောင်းပေါ်မှာပဲ ရှိသေးတော့ ကျွန်တော်တို့ NCA လက်မှတ် ရေးထိုးနိုင်ဖို့အတွက်က ညှိနှိုင်းနေဆဲပါ"ဟု ရွှေမျိုးသန့်က ပြောသည်။

ညှိနှိုင်းပြီး သဘောတူညီချက်များ ရရှိပါက ကေအဲန်ပီပီ၏ NCA ရေးထိုးနိုင်ရေး နီးစပ်လာဖွယ်ရှိနေသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီမှုစာချုပ် NCA သည် အင်အားစု အားလုံး၏ ပန်းတိုင်ကို လျှောက်လှမ်းနိုင်ရန် အစပြုပေးမည့် မှတ်တိုင်တစ်ခုဖြစ်သည်ဟု ယခုသတင်းပတ်အတွင်း ကျင်းပနေသည့် ၂၁ ရာစုပင်လုံညီလာခံအဖွင့်နေ့ မိန့်ခွန်းတွင် ပြောသည်။

"NCA ကို ဆက်ပြီးတော့ အမွေခံပြီး ဖော်ဆောင်တယ်၊ ဒီဖြစ်စဉ်ကြီးကို အောင်မြင်ဖို့အတွက်လည်း အားလုံးပါဝင်ပြီးတော့ လုပ် ဆောင်နေတာဖြစ်တယ် " ဟု အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောသည်။

တိုင်းရင်းသားနယ်မြေများတွင် ပြည်သူများမှာ အေးအေးချမ်းချမ်းမနေရဘဲ ငြိမ်းချမ်းရေးကို စောင့်ဆိုင်းနေသည်မှာ နှစ်ပေါင်း ၇၀ ကျော်ရှိပြီသဖြင့် တိုင်းရင်းသားပြည်သူများကို အချိန်အများကြီး ထပ်မစောင့်ဆိုင်းခိုင်းချင်တော့ပါဟုလည်း ၎င်းက တိုက်တွန်းသည်။

Link: https://www.bnionline.net/en/news/knpp-hold-another-negotiation-govt-august-signing-nca

### ညီလာခံမှ အချက် ၁၄ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း ၂ အဖြစ် လက်မှတ်ရေးထိုး

Myanmar Times, 17 July 2018

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ တတိယအစည်းအဝေးမှ သဘောတူညီချက် ၁၄ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း ၂ အဖြစ် ဇူလိုင် ၁၆ ရက်က လက်မှတ်ရေးထိုးခဲ့သည်။



ညီလာခံကို ဇူလိုင် ၁၁ ရက်မှ ခြောက်ရက်ကြာကျင်းပခဲ့ပြီး နိုင်ငံရေးကဏ္ဍတွင် လေးချက်၊ စီးပွားရေးကဏ္ဍတွင် တစ်ချက်၊ လူမှုရေးကဏ္ဍတွင် ၇ ချက်နှင့် မြေယာနှင့်သဘာဝပတ်ဝန်းကျင် ကဏ္ဍတွင် နှစ်ချက်တို့ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ယင်းအချက်များတွင် တိုင်းရင်းသားများလိုလားသည့် စိုးရိမ်သည့်အချက်များကို လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော်လည်း ပိုမိုသေချာသည့် စကားလုံးအသုံးအနှုန်းများကို ထည့်သွင်းခဲ့ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မပါရှိသည့် အချက်များကို ပြည်ထောင်စုသဘောတူညီချက်အဖြစ် ထည့်သွင်းခဲ့ခြင်းဖြစ်ကြောင်း ဒေါ် အောင်ဆန်းစုကြည်က ဆိုသည်။ "အခု သဘောတူညီလိုက်တဲ့ အချက်တွေက ပြည်ထောင်စု သဘောတူစာချုပ်ရဲ့ အစိတ်အပိုင်းတွေပဲ ဖြစ်ပါတယ်။ နောင်တစ်ချိန်မှာ ပြီးပြည့်စုံတဲ့ ပြည်ထောင်စု သဘောတူ စာချုပ်ကြီး ချုပ်ဆိုနိုင်ဖို့အတွက် နောက်ထပ်တက်လှမ်းလိုက်တဲ့ ခြေလှမ်းသစ်တွေလည်း ဖြစ်ပါတယ်"ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

ယခုညီလာခံတွင် သဘောတူညီချက် ရယူခဲ့ခြင်းမရှိသော်လည်း လုံခြုံရေးကဏ္ဍကို ထည့်သွင်းဆွေးနွေးခဲ့သည်။ ပြီးခဲ့သည့် ပင်လုံညီလာခံတွင် ပြည်ထောင်စု သဘောတူညီချက် ၃၇ ချက်ရရှိခဲ့ပြီးဖြစ်သောကြောင့် ယခုညီလာခံသဘောတူညီချက်အပါအဝင် ၅၁ ချက်ကို ပြည်ထောင်စုသဘောတူညီချက်ရရှိပြီဖြစ် သည်။

Link: https://www.mmtimes.com/news/peace-conference-agrees-14-points-skirts-security-issue.html

## မြေနှင့်ပစ္စည်းဥစ္စာ

### တောင်သူလယ်သမားသမဂ္ဂမှ ထိန်းသိမ်းထားသောလယ်ယာမြေ ၁၈၀၀၀ ဧကကျော်အား ပြန်လည်ပေးအပ်နိုင်ရန် ကူညီခဲ့

Eleven Myanmar, 2 July 2018

မြန်မာ့ တောင်သူလယ်သမားသမဂ္ဂသည် လွန်ခဲ့သော ၅ နှစ်ကျော်အတွင်းတွင် သိမ်းဆည်းထားသည့် လယ်ယာမြေ ဧက ၁၈၀၀၀ ကျော်အား ပြန်လည်ရရှိရန် ကူညီပေးခဲ့သည်ဟု ဥက္ကဋ္ဌဖြစ်သူ စုစုနွေးက ပြောခဲ့သည်။

၂၀၁၂ ကနေ ၂၀၁၇ အတွင်း စစ်တပ်က သိမ်းဆည်းထားတဲ့ လယ်ယာမြေဧက ၁၀၀၀၀ ကျော်ကို ပြန်လည်ရရှိခဲ့ပါတယ်။ ကုမ္ပဏီတွေက သိမ်းဆည်းထားတဲ့ ဧက ၈၀၀၀ ကျော်နဲ့ အာဏာပိုင်တွေက သိမ်းဆည်းထားတဲ့ တချို့ဧကတွေကိုလည်း ပြန်လည်ပေးအပ်ဖို့ တောင်းဆိုထားပါတယ်။ ဒါကျွန်မတို့ အဖွဲ့အနေနဲ့ အောင်မြင်တဲ့လုပ်ရပ်တစ်ခုပါ ဟု စုစုနွေးက ပြောခဲ့သည်။

သို့သော်လည်း ၎င်းတို့အနေဖြင့် မြေအငြင်းပွားမှုများကို ဖြေရှင်းရာတွင် အခက်အခဲအချို့ရှိခဲ့ပြီး သိမ်းဆည်းထားသောမြေများကို အစိုးရသစ်လက်အောက်တွင် ပြန်လည်ရရှိရန် ကူညီပေးနေသည်။

မြန်မာနိုင်ငံ တောင်သူလယ်သမားသမဂ္ဂကို ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် တည်ထောင်ခဲ့ပြီး မြေယာအငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းပေးရန်နှင့် ပိုင်ရှင်များအား သိမ်းဆည်းထားသည့်လယ်များ ပြန်လည်ရရှိရန် ကူညီပေးနေသည်။

Link: http://www.elevenmyanmar.com/local/14258

## စီးပွားရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်မှု

### လှိုင်ကော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးစာကြည့်တိုက်အား လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်

The Global New Light of Myanmar, 2 July 2018

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ လှိုင်ကော်ခရိုင် စာကြည့်တိုက်အား လူထုအခြေပြုဗဟိုဌာန (Community Centre) အဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ရွှေလျားစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက လှိုင်ကော်မြို့ရှိ အဆိုပါနေရာ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းအချက်အလက်ဖြန့်ဝေပေးသည့် ပြန်ကြားရေးလုပ်ငန်း၊ ပြည်သူလူထုအတွက် အသိပညာဗဟုသုတ ဖြည့်ဆည်းပေးသည့် ပညာပေးလုပ်ငန်းနှင့် ပြည်သူလူထုအတွက် ဖျော်ဖြေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပါကြောင်း၊ သတင်းအချက်အလက်ဖြန့်ဝေမှုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရုပ်သံနှင့်ရေဒီယိုထုတ်လွှင့်မှုဖြင့်လည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နိုင်ငံပိုင်သတင်းစာများအပြင် Myanmar Digital News-MDN အမည်ဖြင့် Online မှ လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများမှ ပေးပို့သော အနယ်နယ်အရပ်ရပ်မှ သတင်းများကို နိုင်ငံပိုင်မီဒီယာများအပြင် MOI Website မှ လည်းကောင်း ထုတ်လွှင့်ဖော်ပြပေးလျှက်ရှိပါကြောင်း၊ ဆက်လက်၍ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဦးထွန်းလှစိုးက ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်မှုများ၊ ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်လေ့ကျင်ပေးမှု၊ ရွှေလျားစာကြည့်တိုက် ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပြောကြားခဲ့သည်။

ဒေသခံပြည်သူများကိုယ်စား ဦးမိုးဇက်အောင်လေးက လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်မှုနှင့် ရွှေလျားစာကြည့်တိုက်ဆောင်ရွက်နိုင်မှုအတွက် ကျေးဇူးတင်ရှိပြီး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။

Link: http://www.burmalibrary.org/docs24/GNLM2018-07-01-red.pdf

### အစိုးရဝန်ထမ်းများအတွက် တိုက်ခန်း ၂၆၀ ရရှိမည်

The Global New Light of Myanmar, 2 July 2018

တိုက်ခန်း ၂၆၀ ပါရှိသည့် အောင်မြေမင်္ဂလာဝန်ထမ်းအိမ်ရာကို မန္တလေးတိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ဆောက်လုပ်နေပြီး ဝန်ထမ်းများအား အခန်းပေးမည်ဖြစ်သည်။

မန္တလေးတိုင်းတွင် ဝင်ငွေနည်းပါးသည့် ဝန်ထမ်းနှင့်ဆရာများကို အောင်မြေမင်္ဂလာဝန်ထမ်းအိမ်ရာ၌ ဦးစားပေး ပေးမည်ဖြစ်သည်။ ဒီတိုက်ခန်းတွေဆောက်ပြီးတာနဲ့ မီတာတပ်ပြီးပြီးချင်း ဝန်ထမ်းတွေက အခန်းသစ်ကို ပြောင်းရွှေလာလို့ရပါပြီ ဟု မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဖြစ်သူ ဦးသက်နိုင်က ပြောသည်။

အိမ်ရာတွင် နေထိုင်ရန် လာရောက်လျှောက်ထားသူ ၁၀၀၀ ကျော်ရှိသော်လည်း တချို့သောဝန်ထမ်းများမှာ နှုတ်ထွက်သွားသူများနှင့် ပင်စင်သွားသူများ ရှိသောကြောင့် လျှောက်ထားသူအရေအတွက် လျော့နည်းဖွယ်ရာရှိသည်။

ယခုအခါ မန္တလေးတိုင်းဒေသကြီးတွင် ဝန်ထမ်း ၅၆၁၆၂ ဦးရှိသော်လည်း တိုက်ခန်းများမှာ ၃၀၃၀သာ ဆောက်လုပ်လျက်ရှိသောကြောင့် ၅.၃၉ ရာခိုင်နှုန်းသာ အဆောက်အဦးတွင် နေထိုင်နိုင်မည်ဖြစ်သည်။

Link: http://www.burmalibrary.org/docs24/GNLM2018-07-01-red.pdf

**<u>မူလတန်းမှစတင်ကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်စီစဉ်</u>**

Mizzima, 3 July 2018

မူလတန်း ပညာရေးသင်ကြားမှုတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပတ်သက်ပြီး ကိုယ်ကျင့်သိက္ခာ ပျက်ပြားခြင်းမရှိအောင် ကိုယ်ကျင့် သိက္ခာမြှင့်တင်ရေးလုပ်ငန်းစဉ်များကို ပညာပေးဖျော်ဖြေရေးလုပ်ငန်းစဉ်များနှင့် ပေါင်းစပ်ပြီး သင်ကြားရန် ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။




ဇူလိုင် ၂ ရက်တွင် ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)၌ ပြုလုပ်သည့် အဂတိလိုက်စားမှု ဆန့်ကျင်ခြင်း ပူးတွဲကြေညာချက် လက်မှတ်ရေးထိုးပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (ACC) ဥက္ကဋ္ဌ ဦးအောင်ကြည်ကပြောကြားခဲ့ခြင်းဖြစ်သည်။

"မူလတန်းပညာရေးကနေစပြီး ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေးလုပ်ငန်းစဉ်တွေကို စတင်ဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်။ အခုစတုတ္ထအကြိမ်ဥပဒေပြင်ဆင်တဲ့ထဲမှာလည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးနဲ့ ပတ်သက်ပြီးတော့ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်သွားဖို့ဆိုတဲ့ ပြဌာန်းချက်တွေပါရှိလာတာဖြစ်ပါတယ်"ဟုဦးအောင်ကြည်ကပြောသည်။ ကလေးငယ်များကို သင်ကြားရာတွင် အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီး ကိုယ်ကျင့်သိက္ခာ ပျက်ပြားခြင်းမရှိအောင် ပညာပေးဖျော်ဖြေရေးလုပ်ငန်းစဉ်များ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ မူလတန်းကျောင်းများကို သင်ကြားမှု ပရိုဂရမ်များဖြန့်ဝေပေးနိုင်ရန်အတွက် ပြုစုခြင်းများ ဆောင်ရွက်နေပြီး ယခုလအတွင်း ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပရိုဂရမ်များကို လာမည့် လအနည်းငယ်အတွင်း ပြည်တွင်း၌ရှိသော မူလတန်းကျောင်းအားလုံးသို့ ရောက်ရှိအောင် ပို့ဆောင် ပေးသွားမည်ဟု သိရသည်။ ကလေးသူငယ်များအနေဖြင့် အဂတိလိုက်စားမှုနှင့် ပတ်သက်ပြီး ဖြစ်ပွားလာနိုင်သော ကိုယ်ကျင့်သိက္ခာထိန်းသိမ်းမှုများ၊ ရိုးသားဖြောင့်မတ်ခြင်းများ၊ မှန်ကန်မျှတအောင်လုပ်ဆောင်ခြင်းများကို ဖျော်ဖြေရေးနှင့် ဆက်စပ်ပြီး သင်ကြားဆောင်ရွက်သွားရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

မူလတန်းကလေးငယ်များကို အဂတိလိုက်စားမှုနှင့် ပတ်သက်သော သင်ကြားမှုတွင် ပုံပြင်များ၊ ကဗျာများ၊ ပြဇာတ်များ၊ သီချင်းများဖြင့် ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေးလုပ်ငန်းများလုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

Link: http://www.mizzima.com/news-domestic/anti-corruption-commission-signs-joint-statement-umfcci-fighting-corruption

**<u>Myanma Apex Bank မှ စပါးရိတ်သိမ်းရာသီအတွက် တောင်သူလယ်သမား ၇၀၀ ကျော်အား ချေးငွေပေးမည်</u>**

Mizzima, 3 July 2018

ရှေ့ပြေးစီမံကိန်းတစ်ရပ်အနေဖြင့် Myanma Apex Bank (MAB) နှင့် Myanmar Rice Federation (MRF) မှ တောင်သူလယ်သမားများ ၇၀၀ နီးပါးအား စပါးရိတ်သိမ်းသည့်ရာသီအတွက် ချေးငွေများ ပေးမည်ဖြစ်သည်။

MAB သည် ကာလလတ်ချေးငွေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ငါးဖမ်းလုပ်ငန်းတွင် လယ်သမားများအား ၂၀၁၅ ခုနှစ် ဖွန်လကထဲက ပင် ချေးပေးခဲ့သည်။ ရိတ်သိမ်းရာသီအတွက် MAB သည် လယ်သမား ၇၉၀ ဦးအား စုစုပေါင်း ကျပ် ၁□၆ ဘီလီယံချေးပေးခဲ့သည်။

ဇွန်လ ၂၉ ရက်နေ့တွင် လယ်သမားများအားချေးငွေများ ပေးအပ်ခဲ့သည်။

MAB သည် ဧရာဝတီတိုင်း၊ ပဲခူး၊ ရန်ကုန်၊ ရခိုင်၊ မန္တလေး၊ စစ်ကိုင်း၊ ကရင်နှင့် နေပြည်တော် စသည်တို့တွင် ရှိသည့် လယ်သမားများ အား ချေငွေများ ပေးရန် ရည်ရွယ်သည်။

Link: [https://www.mmtimes.com/news/myanma-apex-bank-gives-loans-almost-700-farmers-harvesting-season.html](https://www.mmtimes.com/news/myanma-apex-bank-gives-loans-almost-700-farmers-harvesting-season.html)

**ဒေသဖွံ့ဖြိုးရေးအတွက် ကျပ်သိန်း ၅,၀၀၀ ပေးသွင်းသွားမည်ဟု UHM ဆို**

Karen Information Center, 4 July 2018

ကရင်ပြည်နယ်၊ ဖားအံမြို့တွင် နိုင်ငံတကာအဆင့်မီ ဈေးဝယ်စင်တာ- Shopping Center တည်ဆောက်ရန် ပြည်နယ်အစိုးရနှင့် စာချုပ်ချုပ်သည့်အချိန်တွင် ဒေသဖွံ့ဖြိုးရေးအတွက် ကျပ်သိန်း ၅□၀၀၀ ပေးသွင်းသွားမည် ဟု UHM ကုမ္ပဏီ Managing Director ဦးထွန်းအောင်ရွှေက ယနေ့(ဇူလိုင် ၃ ရက်)တွင် ပြောသည်။UHM ကုမ္ပဏီအနေဖြင့် ယခုလအတွင်း ပြည်နယ်အစိုးရနှင့် စာချုပ် ချုပ်ဆိုရန်ရှိနေပြီး ဇူလိုင် ၁ ရက် နေ့မှ စတင်ကာ စီမံကိန်းအကြိုလုပ်ငန်းများအဖြစ် မြေညှိ မြေရှင်းခြင်း၊ ခြံခတ်ခြင်း ပြုလုပ်ပြီး နောက် တည်ဆောက်ရေးလုပ်ငန်းများအား ဩဂုတ်လတွင် စတင်လုပ်ဆောင်မည်ဟုလည်း ဦးထွန်းအောင်ရွှေက ဆက်ပြော သည်။



Shopping Center အတွက် လွန်ခဲ့သော မတ်လက စတင် တင်ဒါခေါ်ယူခဲ့ရာတွင် ကုမ္ပဏီ ၁၀ ခုကျော် လျှောက်ထား ခဲ့ရာ ထိုအထဲမှ ချစ်လင်းမြိုင်အစုအဖွဲ့၊ ဂမုန်းပွင့်၊ UHM စသော ကုမ္ပဏီများကို မေလ ၃၁ ရက်နေ့တွင် ပဏာမ ရွေးချယ်ခဲ့သည်။

ကရင်ပြည်နယ်အစိုးရအဖွဲ့က အဆိုပါ ကုမ္ပဏီ ၃ ခုမှ တင် ဒါအောင်မြင်သွားသည့် UHM Development Co.Ltd ကုမ္ပဏီ၏ အမည်ကို ဇွန် ၂၁ ရက်နေ့တွင် ကြေညာခဲ့ပြီး Shopping Center ကို ဖားအံမြို့ အမှတ် ၉ ရပ်ကွက်ရှိ စုပေါင်းမြေဧရိယာ ၃ ဒသမ ၃၃၄ ဧကရှိသော ကားဝင်းဟောင်း တွင် တည်ဆောက်သွားမည်ဖြစ်သည်။

"ဇွဲကပင်ပလာဇာ" ဟု နာမည်ပေးရန်လျာထားသည့် ဈေးဝယ်စင်တာထဲတွင် ဈေးဆိုင်ခန်းများအပြင် ကလေးကစားကွင်းများ၊ ရုပ်ရှင် ရုံ၊ စားသောက်ဆိုင်၊ စည်းဝေးခန်းမ၊ ရုံးခန်းများ စုံစုံလင်လင် ပါရှိသွားမည်ဖြစ်ပြီး ငွေကျပ် □၁၁□ ဘီလီယံ အကုန်ကျခံ တည်ဆောက် သွားမည်ဟု UHM ကုမ္ပဏီထံမှ သိရ သည်။

ယခုတည်ဆောက်မည့် Shopping Mall မှာ ကရင်ပြည်နယ်အတွင်း ပထမဆုံးသော ဈေးဝယ်စင်တာ Shopping Mall တစ်ခုဖြစ်လာ မည်ဖြစ်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၎င်းမှရရှိလာသော အကျိုးအမြတ် ငွေပမာဏများကို ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ပြန်လည်လုပ်ဆောင်သွားမည် ဖြစ်ကြောင်းလည်း အစိုးရတာဝန်ရှိသူများက ပြောသည်။

UMH ကုမ္ပဏီသည် ဖားအံမြို့ရှိ ရွှေဖားစည်အိမ်ရာစီမံကိန်းများ၊ ကမ်းနားလမ်းတည်ဆောက်ရေးလုပ်ငန်းများအပြင် မော်လမြိုင်မြို့ရှိ Ocean ဈေးဝယ်စင်တာများ၊ အိမ်ရာစီမံကိန်းနှင့် အခြားအထင်ကရစီမံကိန်းများကိုလည်း တာဝန်ယူဆောက်လုပ်နေသော ကု မ္ပဏီဖြစ်သည်။

Link: [https://www.bnionline.net/en/news/uhm-give-ks-500-million-karen-states-regional-development](https://www.bnionline.net/en/news/uhm-give-ks-500-million-karen-states-regional-development)

**ဗဟိုသမဝါယမအသင်းအဖွဲ့များမှ ငွေကြေး ရန်ပုံငွေ ကျပ် ၅၅၀ ဘီလီယံ လက်ခံရရှိမည်**

Myanmar Times, 4 July 2018

လယ်သမားများနှင့် စိုက်ပျိုးရေးကဏ္ဍအတွက် ရန်ပုံငွေ စုစုပေါင်း ကျပ် ၅၅၀ ဘီလီယံအား ဗဟိုသမဝါယမအသင်းအဖွဲ့များထံ ဇူလိုင်

လ ၇ ရက်နေ့တွင် ပံ့ပိုးပေးသွားမည်ဖြစ်သည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးဖြစ်သူ ဦးမျိုးအောင်က ပြောသည်။

ရန်ပုံငွေများကို ဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဖြူးပေးဝေသွားမည်ဖြစ်ပြီး လယ်သမားများအား ချေးငွေများအဖြစ် ပြန်လည်ပေးအပ်သွားမည်ဖြစ်သည်။

စီမံကိန်းအောက်တွင် ငွေကျပ် ၅၄၂□၇၈ ဘီလီယံကို စိုက်ပျိုးရေးကုန်ကျစရိတ်အား လွှမ်းခြုံမှုပြုနိုင်ရန်အတွက် ခွဲဝေချထားပေးခဲ့ပြီး စိုက်ပျိုးရေးကိရိယာများဝယ်ယူရန် ကျပ် ၁□၇ ဘီလီယံ ချေးပေးခဲ့ကာ အစေ့ထုတ်လုပ်မှုအသင်းများအတွက် ၁□၁၅ဘီလီယံနှင့် စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရန်အတွက် ကျပ် ၇□၁၈ ဘီလီယံ ခွဲဝေချထားပေးခဲ့သည်။

Link: https://www.mmtimes.com/news/cooperatives-set-receive-k550-billion-funds.html

## ဂျပန်နိုင်ငံသို့ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအလုပ်သမားများ စေလွှတ်မည်

Myanmar Times, 4 July 2018

ဂျပန်နိုင်ငံတွင် လိုအပ်ချက်ရှိနေသည့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး အလုပ်အကိုင်အတွက် ပထမဆုံးအကြိမ် မြန်မာအလုပ်သမားများ စေလွှတ်သွားမည်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က မြန်မာတိုင်း(မ်)ကို ပြောသည်။




ဝန်ကြီးဌာနက ချမှတ်ထားသည့် သက်ကြီးစောင့်ရှောက်ရေးအလုပ်သမားစေလွှတ်ရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းမူဝါဒများနှင့် ပတ်သက်ပြီး ဝန်ကြီးဌာနနှင့် အေဂျင်စီများအဖွဲ့ချုပ်တို့ အပြီးသတ် ဆွေးနွေးပြီးဖြစ်သည်ဟုလည်း မြန်မာနိုင်ငံ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုအေဂျင်စီများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပီတာညွန့်မောင်က ပြောသည်။

အဆိုပါ သက်ကြီးစောင့်ရှောက်ရေး အလုပ်သမားစေလွှတ်ရေး အတွက် ဝန်ကြီးဌာန ခွင့်ပြုချက်ရရှိပါက အေဂျင်စီများသည်လာမည့် ဩဂုတ်လအတွင်း အလုပ်သမားများ စတင်စေလွှတ်နိုင်မည်ဟုလည်း ၎င်းက ပြောသည်။

ဝန်ကြီးဌာနက သတ်မှတ်ထားသည့် စည်းမျဉ်းများအရ ဂျပန်နိုင်ငံသို့ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအလုပ်အကိုင်အတွက် သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများသည် အနည်းဆုံး အသက် ၁၈ နှစ်ပြည့်ပြီးသူများဖြစ်ရမည် ဖြစ်သည်။ ထို့ပြင် ဂျပန်သံရုံးက စစ်ဆေးလျက်ရှိသည့် ဂျပန်ဘာသာစကားကျွမ်းကျင်အမှုအဆင့် N4 အဆင့်ကို အောင်မြင်ပြီးသူများဖြစ်ရန် လိုအပ်ကြောင်းနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ သင်တန်းတစ်ခုခုကို နာရီပေါင်း ၃၂၀ ခန့် တက်ရောက် သင်ကြားထားသူဖြစ်ရန်လည်း လိုအပ်သည်ဟု ဆိုသည်။

သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအလုပ်အကိုင်မှာ အခြားအလုပ်အကိုင်များထက် ဝင်ငွေပိုမိုရရှိသော အလုပ်အကိုင်တစ်ခုဖြစ်ပြီး ပျမ်းမျှအားဖြင့် အလုပ်ချိန် တစ်နာရီအတွက် ဂျပန်ယမ်းငွေ ၉၅၀ ခန့်အထိ ရရှိမည်ဖြစ်ပြီး သက်ကြီးရွယ်အို စောင့်ရှောက်ရေးအလုပ်သမား လိုအပ်ချက်အတွက် ဂျပန်နိုင်ငံ အေဂျင်စီများက အလုပ်သမားမှာယူမှုများရှိနေသည်ဟု အေဂျင်စီအဖွဲ့ချုပ်ထံမှ သိရသည်။

ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့် အလုပ်သမားများသည် အစိုးရက တရားဝင် သတ်မှတ်ထားသည့် အလုံးစုံ ဝန်ဆောင်ခ အမေရိကန်ဒေါ်လာ ၂၈၀၀ (မြန်မာငွေ သိန်း ၄၀ ဝန်းကျင်)ခန့် ကျခံရမည်ဖြစ်သည်။

Link: https://www.mmtimes.com/news/myanmar-send-workers-japan-care-elderly.html

## မန္တလေးတိုင်းတွင် ကျေးလက်ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ဆောင်မည်

Myanmar Times, 4 July 2018

ဒေသကြီးတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိပ်ဆုံးဦးစားပေးတစ်ရပ်အနေဖြင့် လုပ်ဆောင်မည်ဖြစ်ကြောင်း မန္တလေး

တိုင်းဝန်ကြီးချုပ်ဦးဇော်မြင့်မောင်က ယခင်အပတ်တွင် ပြောကြားခဲ့သည်။

ဒေသအစိုးရ၏အားထုတ်မှုအဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးမှုကို ဦးတည်ထားကြောင်း၊ ကျေးလက်များတွင် လျှပ်စစ်မီးရရှိရန်နှင့် လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်စေရန်အတွက် ရည်ရွယ်ကြောင်း ပြောခဲ့သည်။

ဒေသကြီးတွင် ရေရရှိရန် စီမံကိန်း ၁၂၈၆ ခုအတွက် ငွေကျပ် ၅၂ ဘီလီယံ ခွဲဝေချထားပေးခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဒေသကြီးအစိုးရက ဒေသကြီးအစိုးရဌာနများအတွက် ရန်ပုံငွေရရှိရန် မန္တလေးတိုင်းအတွက် ဘတ်ဂျက်ငွေ၏ ၃၀ ရာခိုင်နှုန်းကို အသုံးပြုခဲ့ကြောင်း၊ ငွေကြေးအများစုမှာ ကျေးလက်ဒေသများအတွက် အသုံးပြုခဲ့ကြောင်း သိရသည်။

Link: [https://www.mmtimes.com/news/mandalay-makes-rural-progress-top-priority.html](https://www.mmtimes.com/news/mandalay-makes-rural-progress-top-priority.html)

## ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံကို ဆက်လက်ကူညီမည်

Xinhua News, 4 July 2018

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ၊ စီးပွားရေးနှင့် လူမှုအသိုင်းအဝိုင်းများအကြား သဟဇာတဖြစ်ရေး ကိစ္စများကို ဆက်လက် ကူညီပေးသွားမည်ဟု ဇူလိုင်လ ၄ ရက်နေ့ ရက်စွဲဖြင့် ကမ္ဘာ့ဘဏ်က ထုတ်ပြန် ကြေညာခဲ့သည်။

မြန်မာနိုင်ငံ၌ ကူညီပေးနေသည့် စီမံကိန်းများအား ရပ်ဆိုင်းတော့မည်ဟု ကမ္ဘာ့ဘဏ်အကြီးအကဲက ဘင်္ဂလားဒေ့ရှ် ဘဏ္ဍာရေးဝန်ကြီးအား ပြောဆိုခဲ့ကြောင်း ပြီးခဲ့သည့် ရက်ပိုင်းက သတင်းထွက်ပေါ်ခဲ့ပြီးနောက် ယခုလို ကြေညာချက် ထုတ်ပြန် လာခဲ့ခြင်းလည်းဖြစ်သည်။

ကြေညာချက်တွင် ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ဒုတိယ ဥက္ကဋ္ဌ ဗစ်တိုရီးယားကွာကွာသည် မြန်မာနိုင်ငံသို့ ဇူလိုင်လ ၈ ရက်နေ့မှ ၁၀ ရက်နေ့အထိ သုံးရက်ကြာ လာရောက်မည်ဟု ဖော်ပြပါရှိသည်။

ထိုခရီးစဉ်အတွင်း၌ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အစိုးရအဖွဲ့ဝင်များ ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံရန် စီစဉ်ထားကြောင်းလည်း ထုတ်ပြန်ချက်အရ သိရသည်။

ကမ္ဘာ့ဘဏ်အနေဖြင့် ၂၀၁၂ ခုနှစ်က စတင်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများနှင့် ငြိမ်းချမ်းရေးကိစ္စများတွင် အမေရိကန် ဒေါ်လာသန်းနှစ်ထောင်နှင့် ညီမျှသည့် နှစ်ရှည် ချေးငွေများ ပံ့ပိုးပေးခဲ့သည်ဟု ဆိုသည်။

ယင်းအပြင် ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံတဝန်းလုံး၌ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်နိုင်ရန်များအပါအဝင် ပဋိပက္ခဒေသများရှိ လူမှုအသိုင်းအဝန်းများအကြား သဟဇာတ ဖြစ်ရေးကြိုးပမ်းဆောင်ရွက်မှုများကို အထူးအလေးပေး ဆက်လက်ကူညီသွားမည်ဟု ယနေ့ ဇူလိုင် ၄ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည့် ကြေညာချက်တွင် ဖော်ပြပါရှိသည်။

Link: [http://www.xinhuanet.com/english/2018-07/04/c_137301399.htm](http://www.xinhuanet.com/english/2018-07/04/c_137301399.htm)

## တရုတ်နှင့် မြန်မာမှ စီးပွားရေးစင်္ကြံလမ်းအတွက် အချက်□၁၅□ချက်ကို သဘောတူလက်မှတ်ရေးထိုး

The Irrawaddy, 6 July 2018

တရုတ်နှင့် မြန်မာနိုင်ငံမှအရာရှိများသည် တရုတ်ပိုးလမ်းမကြီး၏တစိတ်တပိုင်းအဖြစ် တရုတ်-မြန်မာစီးပွားရေးစင်္ကြံလမ်းကို တည်ဆောက်ရန်အတွက် အချက်□၁၅□ချက်ပါ နားလည်မှုစာချွန်လွှာကို သဘောတူညီခဲ့သည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးဖြစ်သူ ဦးမင်းဇော်ဦးက ပြောသည်။



စင်္ကြံလမ်းကို တရုတ်ပြည် ယူနန်ပြည်နယ်မှ မန္တလေးသို့ ဖောက်လုပ်မည်ဖြစ်ပြီး အရှေ့ရန်ကုန်မှ အနောက်ကျောက်ဖြူ စီးပွားရေးဇုန်အထိ ဖြစ်သည်။

နားလည်မှုစာချွန်လွှာအောက်၌ အစိုးရသည် အခြေခံအဆောက်အအုံများ၊ ထုတ်လုပ်မှုများ၊ စိုက်ပျိုးရေး ၊ သယ်ယူပို့ဆောင်ရေး၊ ပို့ဆောင်ရေး၊ ဘဏ္ဍာရေး၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆက်သွယ်ရေး၊ သုတေသနနှင့် နည်းပညာ စ

သည်တို့ အပါအဝင် ကဏ္ဍအများအပြားတွင် ပူးပေါင်းလုပ်ဆောင်ရန် သဘောတူညီခဲ့သည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးမားဆုံးသော ရင်းနှီးမြှုပ်နှံမှုမိတ်ဖက်ဖြစ်သည်။ ၁၉၈၈ ခုနှစ်မှ ယခုနှစ် မေလအတွင်း နိုင်ငံအတွင်းတွင် ယူအက်စ်ဒေါ်လာ ၂၀□၀၁ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့သည်။

Link: https://www.irrawaddy.com/news/burma/china-myanmar-agree-15-point-mou-economic-corridor.html

## အလွတ်ပညာသင်ကြားရေးအစီအစဉ်များကို နယ်စပ်စခန်း□၅□ခုထိ တိုးချဲ့မည်

Myanmar Times, 9 July 2018

မူလတန်းအလွတ်ပညာသင်ကြာရေး(NFPE) အစီအစဉ်ကို ယခုနှစ် စာသင်နှစ်တွင် ထိုင်း- မြန်မာနယ်စပ်ရှိ မဲဆောက်တွင်ရှိသော စခန်း( ၅) ခုသို့ တိုးချဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း စီမံကိန်းမန်နေဂျာက ပြောခဲ့သည်။

NFPE သည် ကျောင်းမနေသည့်ကလေးများအတွက် ပညာရေးပံ့ပိုးပေးမည့် ပညာဆက်လက်သင်ကြားနိုင်သော အခမဲ့အစီအစဉ်တစ်ခုဖြစ်သည်။

အစီအစဉ်ကို ၂၀၀၈- ၂၀၀၉ ပညာသင်နှစ်၌ နိုင်ငံတလျှောက်စတင် အစပြုပေးခဲ့သည်။ ၂၀၁၅- ၂၀၁၆ ခုနှစ်တွင် အစီအစဉ်ကို မဲဆောက်တွင် စတင်ခဲ့ပြီး ပညာသင်ကြားခွင့်မရသည့် အသက် ၁၀နှစ်နှင့် ၁၄ နှစ်အတွင်း ကလေးများအား သင်ကြားပေးရန် ရည်ရွယ်သည်။ ၎င်းတို့၏ အခြေခံပညာရေးကို စာသင်ကျောင်းများတွင် ဒုတိယအကြိမ် အပြီးသတ် ပြန်လည်သင်ယူနိုင်ရန်အတွက် ကူညီပေးခြင်းဖြစ်သည်။

“ လာမယ့်နှစ်အတွက် စာသင်ကျောင်းတွေမှာ စာရင်းကောက်ကြည့်တော့ သင်ယူချင်တဲ့ကလေးအရေအတွက် များပြားတာ တွေ့ရပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ အစီအစဉ်ကို စခန်း(၅)ခုအထိ ချဲ့ထွင်လိုက်တာပါ”ဟု NFPE ၏ စီမံကိန်းမန်နေဂျာဖြစ်သူ ဦးထွန်းကြည်က ပြောသည်။

အစီအစဉ်ကို ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာပေအရင်းအမြစ်စင်တာ၊ UNICEF ၊UNESCO နှင့် အခြားသောအလှူရှင်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

Link: https://www.mmtimes.com/news/non-formal-education-programme-extended-5-border-camps.html

## အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ကို အာဇာနည်ပြတိုက်အဖြစ် ၂၀၁၉ ခုနှစ်တွင် ဖွင့်လှစ်မည်

The Global New Light of Myanmar, 8 July 2018

ရန်ကုန်မြို့ရှိ အတွင်းဝန်ရုံးခေါ် ဝန်ကြီးများရုံးကို အာဇာနည်ပြတိုက်အဖြစ် လာမည့်နှစ် ဧပြီလတွင် ဖွင့်လှစ်နိုင်ရန် လုပ်ဆောင်နေကြောင်း အဆိုပါအဆောက်အအုံကြီး၏ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်သိမ်းက ဆိုသည်။



အဆိုပါပြတိုက်တွင် လွှတ်တော်တိုက်၊ မြန်မာ့ယဉ်ကျေးမှုပြခန်းများ၊ တိုင်းရင်းသားများ၏ အသုံးအဆောင်ပစ္စည်းအရောင်းဆိုင်များထားရှိမည်ဖြစ်ပြီး အာဇာနည်ပြခန်းတွင် လုပ်ကြံခံရစဉ်က အခြေအနေများ ပြသထားမည်ဖြစ်ကြောင်း ဒေါက်တာ မောင်မောင်သိမ်းက ဆိုသည်။

ပရိဘောဂပစ္စည်းများမှာမူ နိုင်ငံတော်မှ မူရင်းပစ္စည်းများ ပြသခွင့်ပေးပါက မူရင်းအတိုင်းပြသထားမည်ဖြစ်ပြီး ပြသခွင့်မပေးပါက ပစ္စည်းပုံစံတူပြုလုပ်၍လည်းကောင်း၊ ဓာတ်ပုံများဖြင့်လည်းကောင်း ပြသသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ဝန်ကြီးများရုံး ပရဝဏ်မှာ ၁၆ ဧက ကျယ်ဝန်းပြီး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများသည် ယခုအခါ ထက်ဝက်ခန့် ပြီးစီးနေပြီဖြစ်ကြောင်းလည်း သိရသည်။ ဗိုလ်ချုပ်ပြတိုက်နှင့် လွှတ်တော်ပြတိုက်ကို ဦးစားပေးပြုပြင်လျက်ရှိပြီး အဆိုပါပြတိုက်နှစ်ခုသည် ၈၀ ရာခိုင်နှုန်းခန့် ပြုပြင်ပြီး ဖြစ်ကြောင်း သိရသည်။

ပြုပြင်မွမ်းမံခြင်းလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ သန်း ၂၀ ခန့်ကုန်ကျမည်ဖြစ်သဖြင့် ပြတိုက်ဖွင့်လှစ်ပါက ဝင်ကြေးများကို အများပြည်သူတတ်နိုင်သည့် ပမာဏအတိုင်း အထိုက်အလျောက် ကောက်ခံသွားမည်ဖြစ်ကြောင်းလည်း ဒေါက်တာမောင်မောင်သိမ်းက ဆိုသည်။

"နိုင်ငံခြားသားတွေ လာရောက်လေ့လာဖို့အတွက် အဓိကရည်ရွယ်ပြီး ဖွင့်တာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

Link: http://www.globalnewlightofmyanmar.com/secretariat-office-to-become-museum-of-martyrs/

## ကယားပြည်နယ်တွင် နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တိုးလာ၊ စိုက်ပျိုးရေးကဏ္ဍတွင် စိတ်ဝင်စားမှုရှိ

Myanmar Times, 12 July 2018



ယခုနှစ်၌ ရင်းနှီးမြှုပ်နှံသူများသည် ကယားပြည်နယ်ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် စိတ်ဝင်စားမှု တိုးမြင့်လာကြောင်း ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတွင်းရေးမှူးဖြစ်သူ ဒေါ်မေမျိုးဇော်က The Myanmar Times သို့ ပြောသည်။

သို့သော်လည်း ကယားပြည်နယ်အား ကာလအတွင်းမှာပင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ရှိခဲ့သည်။ ယခုနှစ်အစောပိုင်းတွင် တိရစ္ဆာန်အစားအစာထုတ်ကုမ္ပဏီဖြစ်သည့် နယ်သာလန်ရုံးချုပ် De Heus Myanmar သည် ၎င်းတို့၏ ဒုတိယမြောက်စက်ရုံကို ကယားပြည်နယ်တွင် ဖွင့်လှစ်ခဲ့သည်။ ပြည်တွင်းရင်းနှီးမြှုပ်နှံသူများကလည်း ထိုကဏ္ဍတွင် စိတ်ဝင်စားမှုရှိကြောင်း ဖော်ပြခဲ့သည်။ နိုင်ငံခြားသို့ ကော်ဖီတင်ပို့သည့် Genius Shan Highlands Coffee တည်ထောင်သူ ဦးငွေထွန်းက ကယားပြည်နယ်တွင် တစ်နှစ်အတွင်း ကော်ဖီစိုက်ခင်းတစ်ခု ဖွင့်လှစ်ရန် စီစဉ်နေသည်ဟု ပြောခဲ့သည်။

ထိုရလဒ်များနှင့်အတူ ဒေသကြီးအစိုးရသည် ကယားပြည်နယ်ရှိ အခြားသောစီးပွားရေးကဏ္ဍများတွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးလာအောင် ကြိုးစားအားထုတ်လျှက်ရှိသည်။ ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုဖိုရမ်အား မေလတွင် ကျင်းပပြီးစီးပြီးနောက် ပြည်နယ်သည် ဘိလပ်မြေစက်ရုံဆောက်လုပ်ခြင်း၊ စကျင်ကျောက်ထုတ်လုပ်မှု၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းစသည်တို့ လုပ်ဆောင်ရန်အတွက် အဆိုပြုချက်များ လက်ခံရရှိခဲ့သည်ဟု ဒေါ်မေမျိုးဇော်က ပြောသည်။

Link: https://www.mmtimes.com/news/kayah-state-sees-rising-fdi-interest-agriculture-sector.html

## မြို့ပတ်ရထားဘူတာ ၃၇ ခုအဆင့်မြှင့်ရန် ဂျပန်ကုမ္ပဏီကမ်းလှမ်း

Myanmar Times, 12 July 2018

ရန်ကုန် မြို့ပတ်ရထားလမ်းတစ်လျှောက်ရှိ ဘူတာများကို အဆင့်မြှင့် တင်ရန်အတွက် ဂျပန်အခြေစိုက် ဟဲလိုကွန်မြူနီကေးရှင်းပီတီဝိုင် ကုမ္ပဏီက တင်ပြထားကြောင်း မြန်မာ့မီးရထား၊ တိုင်းအမှတ် ၇ စီးပွားရေးဌာန အထွေထွေမန်နေဂျာ ဦးအာကာမင်း သူက ပြောသည်။



ထို့ကြောင့် ယခင်က မြို့ပတ်ရထားလမ်းတစ်လျှောက်ရှိ ဘူတာများကို အဆင့်မြှင့်တင်ရန် အခြားမည်သည့်ကုမ္ပဏီကိုမျှ ခွင့်ပြုပေးခဲ့ခြင်း မရှိသော်ငြား ယခုပထမဆုံး ခွင့်ပြုရန်စီစဉ်နေကြောင်း သူက ဆိုသည်။

"မြို့ပတ်ရထားလမ်းတစ်လျှောက် ဘူတာတွေကို အဆင့်မြှင့်တင်မှုဆောင်ရွက်ဖို့ ၂၀၁၈ ခုနှစ် ဧပြီလလောက်ကတည်းက သက်ဆိုင်ရာဝန်ကြီးဌာနကို တင်ပြထားခဲ့တယ်။ ဝန်ကြီးက သမိုင်းဘူတာကို အရင်လုပ်ပါလို့ ပြောတယ်။ ကျွန်တော်တို့ကတော့ ဘူတာ ၃၇ ခုစလုံးကို အဆင့်မြှင့်ချင်တာ။ ဝန်ကြီးဆီက နှုတ်နဲ့ခွင့်ပြု မိန့်တော့ကျပြီ။ ဒါပေမဲ့ လုပ်ထုံးလုပ်နည်းအရ တရားဝင်ဖြစ်အောင်လို့ တရားဝင်စာပြန်တင်တယ်။ ခွင့်ပြုတဲ့စာရမှ ဂျပန်နိုင်ငံဘက်က အဖွဲ့အစည်းတွေနဲ့ သေချာတိုင်းထွာတာတွေလုပ်ရမယ်"ဟု ဟဲလို ကွန်မြူနီကေး ရှင်းပီတီဝိုင်၏ဥက္ကဋ္ဌ မစ္စတာ ခိမိအိုရှိချိဒက ပြောသည်။

ဘူတာများကို အဆင့်မြှင့်တင်ခြင်းနှင့်အတူ ဘူတာအနီးရှိ ဝန်ထမ်းအိမ်ရာများကိုပါ အဆင့်မြှင့်တင်ရန် ဝန်ကြီးဌာနက သတ်မှတ်ထားသော်လည်း ဘူတာတိုင်းတွင် ဝန်ထမ်းအိမ်ရာမရှိကြောင်းလည်း သိရသည်။

မြို့ပတ် ရထားဘူတာရုံများ အဆင့်မြှင့်တင်မှု လုပ်ငန်းတွင် ပလက်ဖောင်းများအဆင့်မြှင့်တင်ခြင်း၊ လက်မှတ်ရောင်းချသည့်ရုံများ၊ ခရီးသည်များ နားနေဆောင်နှင့် အိမ်သာများ အသစ်တည်ဆောက်ခြင်း၊ ပလက်ဖောင်းပေါ်တွင် ကော်ဖီဆိုင်များ တည်ဆောက်ခြင်း၊ စတိုးဆိုင်များ တည်ဆောက်ခြင်းနှင့် မီးရထား ဝန်ထမ်းအိမ်ရာများ အဆင့်မြှင့်တင်ခြင်းများပါဝင်သည်။

ဘူတာ ၃၇ ခု အဆင့်မြှင့်ရန် ကုန်ကျစရိတ်အဖြစ် လက်ရှိတွင် ဒေါ်လာ ၁၁ သန်း လျာထားကြောင်း မစ္စတာရှိရှိဒက ပြောသည်။ ခွင့်ပြုချက်ရပါက မြန်မာ့မီးရထားက အဆိုပါကုမ္ပဏီထံ ဘီအိုတီစနစ်ဖြင့် နှစ် ၃၀ မှ ၅၀ ထိ ငှားရမ်းမည်ဖြစ်ပြီး သဘောတူညီချက်ရရှိပြီးပါက ယခုနှစ်စတင် အကောင်အထည်ဖော်ကာ ၂၀၂၀ ပြည့်နှစ်တွင် အပြီးသတ်မည်ဖြစ်သည်။

Link: https://www.mmtimes.com/news/japanese-firm-build-train-station-along-yangon-circular-railway.html

## တရားဥပဒေနှင့်အုပ်ချုပ်မှု

### အစိုးရဌာနများတွင် အကျင့်ပျက်ခြစားမှုကာကွယ်တားဆီးရေးယူနစ် ဖွဲ့စည်းမည်

The Global New Light of Myanmar, 3 July 2018



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုကို တားဆီးကာကွယ်ရန်အတွက် အစိုးရဌာနများတွင် အကျင့်ပျက်ခြစားမှု ကာကွယ်တားဆီးရေးယူနစ်များ ဖွဲ့စည်းရန် စီစဉ်နေကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ဥက္ကဋ္ဌဖြစ်သူဦးအောင်ကြည်က ပြောသည်။

ကော်မရှင်သည် အဂတိတားဆီးကာကွယ်ရန်အတွက် ၃ ရပ် လုပ်ဆောင်မည်ဖြစ်သည် - အကျင့်ပျက်ခြစားမှု ကာကွယ်တားဆီးရေးယူနစ်များဖွဲ့စည်းခြင်း၊ ကျင့်ဝတ်များရေးဆွဲခြင်းနှင့် အကျင့်ပျက်ခြစားမှုအန္တရာယ်အကဲဖြတ်အကောင်အထည်ဖော်ခြင်း စသည်တို့ဖြစ်သည်။

ကော်မရှင်သည် ပြည်သူ့နီတိများနှင့်စပ်လျဉ်းသည့် ပညာပေးလှုပ်ရှားမှုများ လုပ်ဆောင်မည်ဖြစ်ပြီး ယင်းကို မူလတန်းပညာရေးတွင် ဘာသာတစ်ရပ်အနေဖြင့်ထည့်သွင်းထားသည်။ ကော်မရှင်သည် သမ္မတ၏လမ်းညွှန်မှုအရ ရည်ရွယ်ချက်များကို ပိုမိုထိရောက်မှုရှိအောင် ဆောင်ရွက်မည်ဖြစ်သည်။

Link: http://www.globalnewlightofmyanmar.com/corruption-prevention-units-to-be-formed-in-government-departments/

### ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲကြီးအတွက် မဟာဗျူဟာစီမံကိန်းရေးဆွဲ

Mizzima, 4 July 2018

မြန်မာနိုင်ငံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူ ဟာစီမံကိန်း( ၂၀၁၉- ၂၀၂၀□နှင့်စပ်လျဉ်း၍ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် သုံးသပ်ဆွေးနွေးပွဲကို ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။




မဟာဗျူဟာစီမံကိန်းတွင် အခန်း□၁၁□ခန်းပါဝင်ပြီး ယခင်ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများနှင့် ယနေ့ဆောင်ရွက်လျှက်ရှိသည့် လုပ်ငန်းစဉ်အလိုက် အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းများနှင့် အခက်အခဲများအပေါ် သုံးသပ်၍ ပွင့်လင်းမြင်သာမှု၊ လွတ်လပ်တရားမျှတမှုတို့အပေါ် အခြေခံ၍ ရေးဆွဲထားပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများ အောင်မြင်ခဲ့ခြင်းမှာ လူမှုအဖွဲ့အစည်းများ၏ စိတ်ရောကိုယ်ရာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Link: http://www.mizzima.com/news-domestic/uec-drafts-plan-2020-general-election

## မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ ထုတ်ပြန်

Myanmar Times, 13 July 2018

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ၂၀၁၅ ခုနှစ် ဖွန်လတွင် ပြဋ္ဌာန်းခဲ့သည့် မသန်စွမ်းများ၏ အခွင်းအရေးနည်းဥပဒေများကို ပြီးခဲ့သောရက်သတ္တပတ်တွင် ထုတ်ပြန်ခဲ့သည်။

အခွင့်အရေးနည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီး ၂နှစ်ကျော်အကြာတွင် ဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သည်။ သို့သော်လည်း စာအုပ်ငယ်ပုံစံကို ထုတ်ပြန်ရန် ၆ လာကြာခဲ့သည်။

ပါဝင်သည့်ဥပဒေများထဲမှတစ်ခုမှ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်ဖြစ်ပြီး အလုပ်ရှင်များမှ မသန်စွမ်းသူများအား ငှားရမ်းရာတွင် မြို့နယ်အလုပ်သမားရုံးမှ အလုပ်အကိုင်ပုံစံဖောင်□၇□ကို မည်သို့အသုံးပြုရမည်ကို ဖော်ပြထားသည်။ အလုပ်ရှင်များသည် အလုပ်တွင် လစ်လပ်နေရာရှိပါက မြို့နယ်အလုပ်သမားရုံးသို့ အကြောင်းကြားရမည်ဖြစ်ပြီး မသန်စွမ်းသူများအတွက် သင့်တော်သည့်အလုပ်အကိုင်ပတ်ဝန်းကျင် ရရှိရန် စိစစ်မည်ဖြစ်သည်။

ပုဂ္ဂလိက ကုမ္ပဏီများသော်လည်းကောင်း၊ အစိုးရအဖွဲ့အစည်းများမှသော်လည်းကောင်း အလုပ်သမားအနည်းဆုံး အယောက် ၅၀ရှိပါက တစ်ယောက်မှာ မသန်စွမ်းသူပါဝင်ရမည်ဖြစ်သည်။ အကယ်၍ ထိုသို့ပြုလုပ်ခြင်းမရှိပါက လစဉ် ငွေကျပ် တစ်သိန်း(သို့)နှစ်သိန်း ပေးဆောင်ရန် ချမှတ်ထားသည်။

အဆိုပါစည်းမျဉ်းစာအုပ်ငယ်တွင် စာရင်းသွင်းခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ ခရီးသွားလာခြင်း၊ အသက်မွေးခြင်း၊ အခွင့်အလမ်းများ၊ နိုင်ငံရေး၊ ပြည်သူ့ရေးရာ ပူးပေါင်းပါဝင်ခြင်း၊ စောင့်ရှောက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် စာရင်းသွင်းခြင်း၊ အထူးကိုယ်ပိုင်စာသင်ကျောင်းများ၊ အထူးအသက်မွေးမှုသင်တန်းကျောင်းများ၊ ကိုယ်ပိုင်ပြန်လည်ထူထောင်ရေးစင်တာများ၊ အယူခံခြင်းများ၊ ရန်ပုံငွေ၊ ထိန်းချုပ်မှုများနှင့် စီမံခန့်ခွဲမှု၊ လူ့အခွင့်အရေး၊ အခြေခံအခွင့်အရေးနဲ့ တန်းတူညီမျှမှု စသည့်အခန်းများပါဝင်သည်။

Link: https://www.mmtimes.com/news/after-delay-disability-rights-rules-and-regulations-published.html

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren

Regional funding and funding for Thailand was also received through private donations from Italy, Japan, the Republic of Korea, Spain, Sweden, Thailand, and the United States of America.

UNHCR
The UN Refugee Agency